

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR HQ-VA No.100.1 Driver

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင်သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ယာဉ်မောင်း

| | | |
|---|---|---|
| အရေအတွက် | : | (၃) ဦး |
| အစီရင်ခံတင်ပြမှု | : | လက်ထောက်မော်တော်ယာဉ်အရာရှိ |
| ဌာန | : | စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ် |
| တာဝန်ကျရာနေရာ | : | နေပြည်တော်/ ရန်ကုန် (စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အခြားအရေးပေါ်အခြေအနေဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးကူညီမှု ခရီးများ သွားရောက်ရမည်) |
| အဆင့် | : | B-2 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အိမ်ပြန်နားရက်ခံစားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအားပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြှင့် သင်တန်းများ |
| လျှောက်လွှာကာလ | : | ၁၉-နိုဝင်ဘာ -၂၀၂၄ မှ ၃-ဒီဇင်ဘာ-၂၀၂၄၊ ၁၆း၃၀ နာရီ |

## ဌာန၏အကြောင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာန/ယူနစ် (၁၆)ခုတွင် စီမံချက်များစီမံခန့်ခွဲမှုယူနစ်သည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အခြားအရေးပေါ်အခြေအနေဒေသများတို့တွင် သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာ ဖြန့်ဝေခြင်းလုပ်ငန်းများ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများနှင့် အသိပညာ ဖြန့်ဝေခြင်းလုပ်ငန်းများ၊ ကလေးပျော်စင်တာလုပ်ငန်းများတို့ကို ဆောင်ရွက်နေလျက် ရှိပါသည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*





## ရည်ရွယ်ချက်

**ယာဉ်မောင်းဝန်ထမ်း**သည် ဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် အသင်းပိုင်ပစ္စည်းများ၊ လူမှုကရုဏာဆိုင်ရာ ထောက်ပံ့ပစ္စည်းများကို သတ်မှတ်နေရာဒေသသို့ ညွှန်ကြားချက်နှင့်အညီ စနစ်တကျ လုံခြုံစွာ သယ်ယူပို့ဆောင်ပေးရန်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မော်တော်ယာဉ် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရန်ဖြစ်သည်။

**ယာဉ်မောင်း**ကို နေပြည်တော်ရုံးချုပ်နှင့်ရန်ကုန်ရုံးတို့တွင် မောင်တောရုံးခွဲ (ဘူးသီးတောင်ရုံးအပါ)မှ ရာထူးနေရာများကို ကျောထောက်နောက်ခံပြု၍ ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အခြားအရေးပေါ်ဒေသများသို့ လူမှုကရုဏာဆိုင်ရာတုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်သွားရောက်ရမည်ဖြစ်ပါသည်။

## တာဝန်နှင့်ဝတ္တရားများ

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် အချိန်အခါ/နေရာဒေသမရွေး ပါဝင်ဆောင်ရွက်နိုင်ရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီ အသင်းပိုင်မော်တော်ယာဉ်များကို အသင်း၏မော်တော်ယာဉ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၊ စနစ်များနှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းစွာပြုပြင် ထိန်းသိမ်းနိုင်ရမည်။

၃။ မိမိတာဝန်ကျ မော်တော်ယာဉ်ကို နေ့စဉ် မော်တော်ယာဉ်စစ်ဆေးမှု(ကြံ့ခိုင်ရေး/သန့်ရှင်းမှု) အတွက် သတ်မှတ်ထားသော ပုံစံပါအချက်များအတိုင်း စစ်ဆေးရမည်၊ အခြားယာဉ်ကိုစစ်ဆေးရန် တာဝန်ပေးပါကလည်း အလားတူဆောင်ရွက်ပေးရမည်၊ သတ်မှတ်ထားသည့်ပုံစံတွင် နေ့စဉ်ဖြည့်သွင်းမှတ်တမ်းတင်ရမည်၊ နေ့စဉ်မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကားအတွင်း/အပြင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ လိုအပ်သော ဆီ၊ ရေ၊ လေ၊ အင်ဂျင်ဝိုင် စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအား ဆောင်ရွက်ရမည်။

၄။ တာဝန်ကျမော်တော်ယာဉ်အား စနစ်တကျနှင့်လုံခြုံမှုရှိစွာအသုံးပြုနိုင်ရေး တာဝန်ယူရန်နှင့် အသုံးပြုရန်ထုတ်ပေးထားသော ယာဉ်ပြုပြင်ထိန်းသိမ်းရေးပစ္စည်းကိရိယာများ (Tool Box Kits)၊ ရှေးဦးပြုစုခြင်းပစ္စည်းများ (First Aid Kit) များကို စနစ်တကျ အသုံးပြုထိန်းသိမ်းထားရမည်။

၅။ နိုင်ငံတော်မှတရားဝင်ပြဋ္ဌာန်းထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာကြီးကြပ်သူအရာရှိမှ ခွင့်ပြုထားသော ခရီးစဉ်၊ လမ်းကြောင်း၊ လူဦးရေ၊ ကုန်ပစ္စည်းများအတိုင်းသာ ပို့ဆောင်ရမည်။ တာဝန်ရှိ ပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့် လူပုဂ္ဂိုလ်၊ ပစ္စည်းကိုမှ မော်တော်ယာဉ်ပေါ်တွင် ဘယ်ယူပို့ဆောင်ခြင်း၊ လက်ခံထားသိုသိမ်းဆည်းခြင်းများ မပြုလုပ်ရန်နှင့် ခရီးစဉ်လမ်းကြောင်းပြောင်းလဲခြင်း မပြုလုပ်ရန် သတိထားဆောင်ရွက်ရမည်။

၇။ မော်တော်ယာဉ်ပေါ်တွင်လိုက်ပါသူအားလုံး (ယာဉ်မောင်းအပါအဝင်) အန္တရာယ်ကင်းခါးပတ် တပ်ဆင်စေရန်နှင့် ယင်းခါးပတ်အပြည့်အစုံတပ်ဆင်ထားခြင်းမရှိပါက မော်တော်ယာဉ်အား ထွက်ခွာခြင်းမပြုရန် ဆောင်ရွက်ရမည်။

၈။ အသင်း၏ ဝန်ထမ်းစည်းမျဉ်းပါ အလုပ်ချိန်သတ်မှတ်ချက်အတိုင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်အရ ရုံးချိန်ကျော်လွန်တာဝန်ထမ်းဆောင်ရန် လိုအပ်ပါကလည်းကောင်း အရေးပေါ်အခြေအနေများတွင် တာဝန်ပေးအပ်ပါကလည်းကောင်း ကျေပွန်စွာ နာခံဆောင်ရွက်ရမည်။

၉။ မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်း၊ မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းနှင့် စက်သုံးဆီသုံးစွဲမှု မှတ်တမ်းများကို အသင်း၏ မော်တော်ယာဉ်လက်စွဲပါ စည်းမျဉ်းစည်းကမ်းများအတိုင်း မပျက်မကွက် သေချာစွာ စာရင်းရေးသွင်း ထိန်းသိမ်းရမည်။

၁၀။ မော်တော်ယာဉ်ကြံ့ခိုင်မှုအား မကြာခဏ စစ်ဆေး၍ အသေးစားပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းရမည်။ အကြီးစားပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာကြီးကြပ်သူထံ (၃)ရက်ကြိုတင်၍ အကြောင်းကြား သတင်းပို့ရမည်။ အရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက ချက်ချင်းသတင်းပို့ဆောင်ရွက်ရမည်။

၁၁။ ခရီးစဉ်အတွင်း ထူးခြားဖြစ်စဉ်ရှိပါက ကြီးကြပ်သူနှင့် အထက်တာဝန်ရှိသူများထံ ချက်ချင်း သတင်းပေးပို့ရမည်။

၁၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မော်တော်ယာဉ်စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ၊ အသင်းနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို မသက်ဆိုင်သူများထံ မရောက်ရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရမည်။

၁၃။ မော်တော်ယာဉ်နှင့်ဆက်စပ်သော အသုံးစရိတ်ကုန်ကျစရိတ်များကို အသင်း၏ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအတိုင်း သုံးစွဲရမည်။

၁၄။ ယာဉ်မောင်းလိုင်စင်အား မကြာခဏစစ်ဆေးရန်နှင့် သက်တမ်းမလွန်စေရေး အထူးဂရုပြုဆောင်ရွက်ရမည်။

၁၅။ မိမိသွားရမည့် ခရီးစဉ်၏ လိပ်စာ၊ နေရာဒေသ အခြေအနေအား သိရှိအောင် ကြိုတင်လေ့လာထားရမည်။

၁၆။ လုပ်ငန်းဆောင်ရွက်မှုတိုင်းတွင် ကြက်ခြေနီ၏ အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ ကြီးကြပ်သူအရာရှိနှင့်တာဝန်ရှိသူများက ပေးအပ်သောတာဝန်များကို လိုလားစွာ ဆောင်ရွက်ရမည်။

## လိုအပ်သောအရည်အချင်းများ

- **အခြေခံပညာ အထက်တန်းအဆင့် (အနိမ့်ဆုံး)သင်ယူထားသူဖြစ်ရမည်။**
- **သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် (ခ) (အနည်းဆုံး)ရှိရမည်။**



# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HR HQ-VA No.100.1 Driver**

- ယာဉ်မောင်း အတွေ့အကြုံ အနည်းဆုံး ၂နှစ်ရှိရမည်၊ 4 WD (Manual Gear) မော်တော်ယာဉ်အမျိုးအစား မောင်းနှင်သည့် အတွေ့အကြုံရှိရမည်။
- မော်တော်ယာဉ် အသေးစားပြင်ဆင်မှု အတွေ့အကြုံရှိသူဖြစ်ရမည်။
- နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများနှင့် ကြက်ခြေနီတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံရှိသူများ ဦးစားပေးမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုမှတ်တမ်းကင်းရှင်းရမည်။
- မော်တော်ယာဉ်နှင့်ပြုပြင်ထိန်းသိမ်းမှုများကိုကောင်းစွာ နားလည်ရမည်။
- စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။
- လူမှုပေါင်းသင်းဆက်ဆံရေးနှင့်ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သူဖြစ်ရမည်။
- ယဉ်ကျေးမှု၊ ခလေ့ကွဲပြားမှုများ၊ လူမျိုး၊ ဘာသာစကား၊ လုပ်ငန်းသဘာဝ မတူညီကွဲပြားမှုရှိသည့် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
- အရက်သေစာရည်သောက်စားသူများ နှင့်မူးယစ်ဆေးဝါးသုံးစွဲသူများ မဖြစ်ရ။
- လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး ခရီးသွားလာနိုင်သူဖြစ်ရမည်
- မြန်မာဘာသာစကားကို ကောင်းစွာရေးသားပြောဆိုနိုင်ရမည်။
- ဒေသခံ ဘာသာစကား တတ်ကျွမ်းသူများကို ဦးစားပေးမည်။
- English ဘာသာစကား ပြောဆိုဆက်သွယ်နိုင်မှုရှိပါက ဦးစားပေးမည်။
- ကြက်ခြေနီအခြေခံမူ(၇)ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏မဟာဗျူဟာနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလူမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများသည် ထောက်ခံသူအနည်းဆုံးနှစ်ဦးပါဝင်သော ကိုယ်ရေးရာဇဝင်နှင့် အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာ ပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

"Person with disability are encouraged to apply this post as they will be given equal opportunity"
"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"
*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရုံးချုပ်
ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊
နေပြည်တော်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရန်ကုန်ရုံးခွဲ
၄၂၊ ကမ်းနားလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊
ရန်ကုန်။

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"
"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"
*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*